# Zuellig Pharma ၏ လုံခြုံရေးဆိုင်ရာမူဝါဒ

နောက်ဆုံးမွမ်းမံပြင်ဆင်ထားသည့် ရက်စွဲ။ ၁၃ မေလ ၂၀၂၂

ဤကိုယ်ရေးကိုယ်တာအချက်အလက် လုံခြုံရေးဆိုင်ရာမူဝါဒတွင် Zuellig Pharma အုပ်စုအတွင်းရှိ အမျိုးမျိုးသော အဖွဲ့အစည်းများသည် (အပြည့်အစုံမဟုတ်သော ကျွန်ုပ်တို့၏ အဖွဲ့အစည်းများစာရင်းကို အပိုင်း ၁၄ (ကျွန်ုပ်တို့အား ဆက်သွယ်ရန်)တွင် တွေ့ရှိနိုင်ပါသည်။) (ဤမှစ၍ နောင်တွင် **"Zuellig Pharma"**၊ **"ကျွန်ုပ်တို့၏"**၊ **"ကျွန်ုပ်တို့ကို"** သို့မဟုတ် **"ကျွန်ုပ်တို့"**ဟု စုပေါင်းရည်ညွှန်းသည်။) ကျွန်ုပ်တို့ကျင့်သုံးသော အချက်အလက်ကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ကိုယ်ရေး အချက်အလက်များကို မည်သို့ စီမံဆောင်ရွက်သည်ကို ဖော်ပြထားပါသည်။

ဤကိုယ်ရေးကိုယ်တာအချက်အလက် လုံခြုံရေးဆိုင်ရာမူဝါဒသည် အချက်အလက်များ သိမ်းဆည်းခြင်း၊ အသုံးပြု ခြင်း၊ ထုတ်ဖော်ခြင်း (ဤမှစ၍နောင်တွင် "**စီမံဆောင်ရွက်ခြင်း**" ဟုရည်ညွှန်းသည်။) နှင့် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်များ၊ အက်ပလီကေးရှင်းများ၊ နည်းပညာပလက်ဖောင်းများ၊ ပုံစံများ၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ သို့မဟုတ် ဆိုရှယ်မီဒီယာ စာမျက်နှာများ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ (ဤမှစ၍နောင်တွင် **"နည်းပညာ ပလက်ဖောင်းများ"** ဟုစုပေါင်းရည်ညွှန်းသည်။) သို့မဟုတ် သင်သည် ကျွန်ုပ်တို့ နှင့်/သို့မဟုတ် ကျွန်ုပ်တို့၏ တရားဝင်ကိုယ်စားလှယ်များဆီသို့ အမျိုးမျိုးသော မီဒီယာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ယေဘုယျကျင့်သုံးမှုများကို ဖော်ပြထားပါသည်။ ဤကိုယ်ရေးကိုယ်တာအချက်အလက် လုံခြုံရေးဆိုင်ရာမူဝါဒတွင် သင်၏ ကိုယ်ရေးအချက်အလက်အား အသုံးပြုခြင်း၊ ဝင်ရောက်ကြည့်ရှုခြင်း နှင့်မွမ်းမံပြင်ဆင်ခြင်းတို့ဖြင့် စပ်လျဉ်း၍ ရရှိနိုင်သော ရွေးချယ်စရာများနှင့် သင်၏အခွင့်အရေးများကိုလည်း ရှင်းပြထားပါသည်။ ကျွန်ုပ်တို့၏ ပလက်ဖောင်းများသည် ဤလုံခြုံရေးဆိုင်ရာ မူဝါဒမှ သွေဖည်သွားလျှင် သို့မဟုတ် အခြားအသေးစိတ် အကြောင်းအရာများရှိလျှင် ဤလုံခြုံရေးဆိုင်ရာမူဝါဒ၌ အသေးစိတ် ဖြည့်စွက်ချက်ဖြင့် ဖော်ပြပါမည်။ ဤ၌ "ကိုယ်ရေးကိုယ်တာအချက်အလက် လုံခြုံရေးဆိုင်ရာမူဝါဒ" စကားရပ်သို့ ရည်ညွှန်းချက်တွင် ယင်းကဲ့သို့ ဖြည့်စွက်ချက် ပါဝင်မည်ဖြစ်သည်။

ဤလုံခြုံရေးဆိုင်ရာမူဝါဒတွင် **"ကိုယ်ရေးကိုယ်တာအချက်အလက်"** ဆိုသည်မှာ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ (ဥပမာအားဖြင့် ကျွန်ုပ်တို့ ရရှိနိုင်သော အခြားအချက်အလက်အမျိုးအစားများဖြင့်

ပေါင်းစည်း၍ဖြစ်စေ) တစ်ဦးတစ်ယောက်ချင်းအား ခွဲခြားသတ်မှတ်ရန် (ဆိုလိုသည်မှာ **"အချက်အလက်ပိုင်ရှင်"**) အသုံးပြုနိုင်သော မည်သည့် အချက်အလက်ကိုမဆို ယေဘုယျအားဖြင့် ရည်ညွှန်းပါသည်။ ဒေသတွင်း အချက်အလက်ကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများတွင် ဤအကြောင်းအရာနှင့်ပတ်သက်၍ ကွဲပြား ခြားနားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ ရှိနိုင်ပါသည်။ ဤမူဝါဒတွင် အသုံးပြုသော အဓိပ္ပာယ်ဖွင့်ဆိုချက် သည် ဥပဒေနှင့် အငြင်းပွားဖွယ်ရာများရှိပါက ပိုမိုတိကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်အား ကျင့်သုံးမည် ဖြစ်ပါသည်။

## ၁။ ကိုယ်ရေးအချက်အလက်အား စီမံဆောင်ရွက်ခြင်း

သင်သည် ကျွန်ုပ်တို့နှင့် ဆက်သွယ်စဉ်တွင် သင် သို့မဟုတ် တစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဤလုံခြုံရေးဆိုင်ရာမူဝါဒတွင် ဖော်ပြထားသော ရည်ရွယ်ချက်များနှင့်အညီ စီမံဆောင်ရွက် မည်ဖြစ်ပါသည်။ ထိုကိုယ်ရေးကိုယ်တာ အချက်အလက်များကို သင်၏ဆန္ဒအလျောက် ကျွန်ုပ်တို့ထံသို့ ပေးသော အခါတွင်ဖြစ်စေ သို့မဟုတ် ထိုကဲ့သို့ အချက်အလက်များကို လိုအပ်သည့်အတွက် ကြားလူမှတစ်ဆင့် သို့မဟုတ် အများနှင့်သက်ဆိုင်သော နယ်ပယ်မှတစ်ဆင့်ဖြစ်စေ ရရှိနိုင်ပါသည်။

ကျွန်ုပ်တို့နှင့် အပြန်အလှန်ဆက်သွယ်ရာ၌ သို့မဟုတ် နည်းပညာပလက်ဖောင်းအား အသုံးပြုရာ၌ အောက်ဖော်ပြပါ ကိုယ်ရေးကိုယ်တာ အချက်အလက်အမျိုးအစားများအပါအဝင် ယင်းတို့နှင့်သာ ကန့်သတ်မထားသည့် အချက် အလက်များကို ကျွန်ုပ်တို့အနေဖြင့် စီမံဆောင်ရွက်မည်ဖြစ်သည်။

- နာမည်၊ လိပ်စာ၊ အီးမေးလ်လိပ်စာ၊ လူမှုကွန်ရက်ဆိုင်ရာ အချက်အလက် သို့မဟုတ် ဖုန်းနံပါတ် စသည့် ဆက်သွယ်ရန် ကိုယ်ရေးကိုယ်တာအချက်အလက်များ
- သင့်ကျန်းမာရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကဲ့သို့ အရေးကြီးသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ
- သင်၏အကောင့်အား ဝင်ရောက်သော အထောက်အထား/အီးမေးလိပ်စာ၊ နာမည်၊ ပြန်လည်မရရှိနိုင်သော ပုံစံအနေဖြင့် စကားဝှက် နှင့်/သို့မဟုတ် လုံခြုံရေးဆိုင်ရာ အမေးအဖြေများကဲ့သို့ သင့်အကောင့်အား ဝင်ရောက်ရာတွင် အသုံးပြုသော အချက်အလက်များ
- သင့်အလုပ်အကိုင်၊ ရာထူး နှင့် အလုပ်ရှင်၏ အချက်အလက် စသည့်လုပ်ငန်းဆိုင်ရာ ဆက်သွယ်ရန် အချက်အလက်များ

- နိုင်ငံသား၊ လူမျိုး၊ သတ်သေခံကတ်ပြား သို့မဟုတ် နိုင်ငံကူးလက်မှတ် စသည်တို့နှင့် သက်ဆိုင်သော အသေးစိတ်အချက်အလက်များ
- မွေးရက်၊ အသက်အရွယ်၊ ကျား/မ၊ နေရာဒေသ၊ အနှစ်သက်ဆုံး ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၊ ဈေးဝယ်ခြင်းနှင့်ဆိုင်သော အချက်အလက်၊ အိမ်ထောင်စုနှင့် လူနေမှုပုံစံနှင့်ဆိုင်သော အချက်အလက် စသည့် လူမှုဘဝဆိုင်ရာ အချက်အလက်နှင့် စိတ်ဝင်စားမှုများ
- ဘဏ်အကောင့် နှင့် ငွေပေးချေသော ကတ်၏ အသေးစိတ်အချက်များ၊ သင်၏ အပြန်အလှန် ငွေပေးချေမှု များနှင့် ကျွန်ုပ်တို့ထံမှ ဝယ်ယူရရှိထားပြီးသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အသေးစိတ်အချက်များ စသည့် ငွေရေးကြေးရေးဆိုင်ရာ အချက်အလက်များ
- အင်တာနက် ပရိုတိုကော လိပ်စာ (IP Address)၊ စက်လည်ပတ်ရေးစနစ်အမျိုးအစား၊ အင်တာနက် အသုံးပြုသော ဘရောက်ဇာ အမျိုးအစား နှင့် ပုံစံ၊ စက်ကိရိယာအချက်အလက် နှင့် ကွတ်ကီး အသုံးပြုမှုမှ စုစည်းရရှိသော အချက်အလက် ကဲ့သို့သော နည်းပညာဆိုင်ရာ အချက်အလက်များ
- ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ၊ အက်ပလီကေးရှင်းများ၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား အသုံးပြုပုံနှင့်စပ်လျဉ်းသော အချက်အလက်များ
- ကျွန်ုပ်တို့နှင့် တစ်ဆင့်ခံပြင်ပအဖွဲ့အစည်းများထံမှ ဈေးကွက်ချဲ့ထွင်ရေးနှင့် ဆက်စပ်သည့် ပစ္စည်းများ ရယူရာတွင် သင်၏ဦးစားပေးမှုများနှင့် ဆက်သွယ်မှုပြုလုပ်ရာတွင် ဦးစားပေးမှုများကဲ့သို့ ဈေးကွက် ချဲ့ထွင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များ
- ကျွန်ုပ်တို့၏ အဆောက်အအုံ နှင့်/သို့မဟုတ် ပွဲအခမ်းအနားများ၌ ရိုက်ကူးထားသော ဓာတ်ပုံများ နှင့် ရုပ်သံမှတ်တမ်းများ
- ပထဝီဝင်တည်နေရာနှင့် ဆိုင်သော အချက်အလက်များ
- ကျွန်ုပ်တို့၏ ဆက်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့် သင်နှင့် အပြန်အလှန် ပြောဆိုဆက်သွယ်မှုများ (စာတိုများနှင့် လူကိုယ်တိုင် ဖုန်းခေါ်ဆိုမှုများ)
- တည်ဆဲဥပဒေများမှ ခွင့်ပြုထားသော သို့မဟုတ် ကျွန်ုပ်တို့နှင့် အရောင်းအဝယ်ပြုလုပ်ချိန်တွင် အကြောင်းကြားထားပြီးသော အခြားသော အချက်အလက်များ

တည်ဆဲဥပဒေများမှ တားမြစ်ထားခြင်း မရှိသော သင်၏ အရေးကြီးသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို စုဆောင်းရန်လိုအပ်ပါက ထိုအချက်အလက်များ မရယူခင် သင့်အားအကြောင်းကြား၍ သဘောတူညီချက်ကို တောင်းခံပါမည်။

သင်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်တိကျမှုသည် ကျွန်ုပ်တို့အား ပေးထားသော အချက်အလက်အပေါ်တွင် များစွာ မူတည်သည့်အတွက် သင်၏ အချက်အလက်တွင် မှားယွင်းမှုများရှိလျှင်ဖြစ်စေ သို့မဟုတ် ပြောင်းလဲမှုများ ရှိလျှင်ဖြစ်စေ ကျွန်ုပ်တို့အား အမြန်ဆုံးအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အခြားတစ်စုံတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များအား မည်သည့်ရည်ရွယ်ချက်အတွက်မဆို သင်မှ တစ်ဆင့်ကျွန်ုပ်တို့အား ပေးပါက ၎င်းတို့ကိုယ်စားလုပ်ဆောင်ရန် သင့်အား ခန့်အပ်ထားခြင်းဖြစ်ကြောင်း ကိုယ်စားပြုပြီး အာမခံပေးသည့်အပြင် သင့်အနေဖြင့် အောက်ပါတို့ကို လုပ်ဆောင်နိုင်ကြောင်း သဘောတူပါသည်။

- ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်စီမံဆောင်ရွက်ခြင်းအား ယင်းတို့ကိုယ်စား သဘောတူညီချက်ပေးခြင်း
- အချက်အလက်ကာကွယ်ရေးဆိုင်ရာ သတိပေးချက်များအား ၎င်းတို့ကိုယ်စား လက်ခံရရှိခြင်း
- ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များအား ကျွန်ုပ်တို့ သိမ်းဆည်းရန် ထိုသူများထံမှ သဘောတူညီချက်ရရှိပြီးကြောင်း အာမခံခြင်း သို့မဟုတ် ၎င်းတို့၏ အချက်အလက်များအား စီမံဆောင်ရွက်ခြင်းအတွက် ကျွန်ုပ်တို့အား ခွင့်ပြုပေးရန် အခွင့်အရေးရှိခြင်း

ကျွန်ုပ်တို့၏ နည်းပညာပလက်ဖောင်းသည် ယေဘုယျအားဖြင့် အရွယ်မရောက်သေးသူများအား ရည်ရွယ်ထားခြင်း မဟုတ်သည့်အတွက် အရွယ်မရောက်သေးသူများနှင့် သက်ဆိုင်သော မည်သည့်ပုဂ္ဂိုလ်ရေးအချက်အလက်ကိုမဆို ရယူရန် သဘောမတူပါ။ အထူးသဖြင့် ကျွန်ုပ်တို့ ပေးသော ဝန်ဆောင်မှုများ၌ အရွယ်မရောက်သေးသူများ၏ ကိုယ်ရေးအချက်အလက်များအား စုဆောင်းခြင်းနှင့် စီမံဆောင်ရွက်ခြင်းများလိုအပ်သော အခြေအနေမျိုးတွင် ဤလုံခြုံရေးဆိုင်ရာ မူဝါဒတွင် သင့်လျော်သော ဖြည့်စွက်ချက်ဖြင့် အသေးစိတ်ဖော်ပြသွားမည်ဖြစ်သည်။ ထိုကဲ့သို့ ကိစ္စရပ်မျိုး၌ အရွယ်မရောက်သေးသူတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်အား စီမံဆောင်ရွက်ရန် ၎င်းတို့၏ မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူမှ သဘောတူညီရန် လိုအပ်မည်ဖြစ်သည်။

## ၂။ ကိုယ်ရေးကိုယ်တာအချက်အလက်၏ အရင်းအမြစ်

ကျွန်ုပ်တို့စီမံဆောင်ရွက်သော ကိုယ်ရေးကိုယ်တာအချက်အလက်များသည် တရားဝင်ဖြစ်ပြီး ပွင့်လင်းမြင်သာသော အောက်ဖော်ပြပါ အရင်းအမြစ်များအပါအဝင် ယင်းတို့နှင့်သာ ကန့်သတ်မထားသည့် အရင်းအမြစ်အမျိုးမျိုးတို့မှ ရယူထားပါသည်။

- ကျွန်ုပ်တို့၏ ပလက်ဖောင်းအား ဝင်ရောက်ခြင်း သို့မဟုတ် အသုံးပြုခြင်း
- အဆိုပြုချက်များ သို့မဟုတ် ကိုးကားချက်များအတွက် ကျွန်ုပ်တို့၏ တောင်းဆိုချက်များတွင် ပါဝင်ခြင်း၊ ရောင်းချသူအနေဖြင့် ကျွန်ုပ်တို့ထံတွင် စာရင်းပေးသွင်းခြင်း နှင့်/သို့မဟုတ် ကျွန်ုပ်တို့၏ ဝယ်ယူရေး လုပ်ငန်းစဉ်တွင် ပါဝင်သောကြောင့် အချက်အလက်များ တင်သွင်းခြင်း
- အကောင့်ဖွင့်လှစ်ခြင်း
- ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများ နှင့်/သို့မဟုတ် ဝန်ဆောင်မှုများအား လေ့လာခြင်း၊ ဝယ်ခြင်း သို့မဟုတ် မှာယူခြင်း
- ကျွန်ုပ်တို့၏ လူနာများအားထောက်ပံ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူနာများနှင့်ဆက်သွယ်မှုနှင့် ဆေးညွှန်းအချက်အလက်ဆိုင်ရာ အစီအစဉ်များတွင် ပါဝင်ရန် လျှောက်ထားခြင်း နှင့်/သို့မဟုတ် ပါဝင်ခြင်း
- သင့်ထံမှ အီးမေးလ်များနှင့် စာများရရှိခြင်း
- သင်သည် ကျွန်ုပ်တို့ နှင့်/သို့မဟုတ် ကျွန်ုပ်တို့၏ တရားဝင်ကိုယ်စားလှယ်များနှင့် အမျိုးမျိုးသော မီဒီယာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း နှင့် ကျွန်ုပ်တို့နှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အပြန်အလှန်ဆက်သွယ်ခြင်း
- အရောင်းအဝယ် သို့မဟုတ် အခြားသော ရည်ရွယ်ချက်များအတွက် လျှောက်လွှာများ သို့မဟုတ် ပုံစံများ ဖြည့်စွက်ခြင်း
- ကျွန်ုပ်တို့စီစဉ်သော ပွဲများ၊ ဆုမဲများ သို့မဟုတ် ပြိုင်ပွဲများတွင် ပါဝင်ခြင်း သို့မဟုတ် ကြားခံအဖွဲ့အစည်း များမှ တစ်ဆင့် ပါဝင်ခြင်း
- သုတေသနပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့ထံမှ ပေးပို့သော စစ်တမ်းများတွင် ဖြည့်စွက်ခြင်း
- ကျွန်ုပ်တို့၏ အဆောက်အအုံအတွင်းရှိ ပွဲများ နှင့်/သို့မဟုတ် အစီအစဉ်များ၏ ဗီဒီယို သို့မဟုတ် ရုပ်သံမှတ်တမ်းများ

- တည်ဆဲဥပဒေများနှင့်အညီ အများသူငှါ ရရှိနိုင်သော အရင်းအမြစ်များမှ စုဆောင်းသော သင်ဖော်ပြထားသည့် အချက်အလက်များ၊ လူမှုကွန်ရက်စာမျက်နှာမှပရိုဖိုင်များ၊ လမ်းညွှန်များ၊ ဆိုင်းဘုတ် များကဲ့သို့ အချက်အလက်များ
- တရားဝင်ခွင့်ပြုထားသော ချေးငွေ အစီရင်ခံခြင်းဆိုင်ရာ ကိုယ်စားလှယ်လုပ်ငန်းများ၊ စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိုယ်စားလှယ်လုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၊ နှင့် အခြားသော အစိုးရ သို့မဟုတ် အစိုးရနှင့်ချိတ်ဆက်ထားသော အဖွဲ့အစည်းများအပါအဝင် ယင်းတို့နှင့်သာ ကန့်သတ်မထားသည့် ကြားခံအဖွဲ့အစည်းများမှ တရားဝင်ရရှိထားသော အချက်အလက်များ
- ကျွန်ုပ်တို့၏ သက်ဆိုင်ရာ နှင့်/သို့မဟုတ် ဆက်စပ်ကုမ္ပဏီများ၊ ကန်ထရိုက်တာများ၊ ပြင်ပဝန်ဆောင်မှု ပေးသူများ၊ နှင့် စီးပွါးဖက်များ
- ဈေးကွက်ချဲ့ထွင်ရေးဝန်ဆောင်မှုပေးသူများ သို့မဟုတ် မိတ်ဖက်များ နှင့်
- အီးမေးလ်စာရင်းများ

## ၃။ ဥပဒေရေးရာအခြေခံနှင့် ကိုယ်ရေးကိုယ်တာအချက်အလက်အား စီမံဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့အနေဖြင့် ကိုယ်ရေးကိုယ်တာအချက်အလက်အား စီမံဆောင်ရွက်ရန် ဥပဒေရေးရာအခြေခံ ရှိရပါမည်။ ထိုသို့လုပ်ဆောင်ရန် ကျွန်ုပ်တို့သည် ယေဘုယျအားဖြင့် ဤဥပဒေရေးရာအခြေခံများထဲမှ အနည်းဆုံး တစ်ခုပေါ်တွင် အမှီပြုပါသည်။

- ထုတ်ဖော်ရန် ရည်ရွယ်ချက်အတွက် အချက်အလက်ပိုင်ရှင်၏ သဘောတူညီချက် ရရှိရန်လိုအပ်သည်။
- စာချုပ်မချုပ်ဆိုမှီ အချက်အလက်ပိုင်ရှင်၏ တောင်းဆိုချက်အရ သို့မဟုတ် အချက်အလက်ပိုင်ရှင်နှင့် စာချုပ်ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ပြီး စီမံဆောင်ရွက်ခြင်းသည် လိုအပ်သည်။
- ကျွန်ုပ်တို့လိုက်နာရသည့် ဥပဒေရေးရာ တာဝန်ဝတ္တရားအရ လေးစားလိုက်နာရန်အတွက် စီမံဆောင်ရွက်ခြင်းသည် လိုအပ်သည်။
- အချက်အလက်ပိုင်ရှင်၏ ဘဝနှင့် ကျန်းမာရေးအပါအဝင် မရှိမဖြစ် အရေးကြီးသော အကျိုးစီးပွါးများကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်းသည် လိုအပ်သည်။

- နိုင်ငံတော်ဆိုင်ရာ အရေးပေါ်အခြေအနေအား တုံ့ပြန်ရန် သို့မဟုတ် အများပြည်သူလုံခြုံရေးအတွက် လိုအပ်ချက်များအား လိုက်နာရန် စီမံဆောင်ရွက်ခြင်းသည် လိုအပ်သည်။
- ပြည်တွင်း တည်ဆဲဥပဒေအရ ကာကွယ်မှုလိုအပ်သော အချက်အလက်ပိုင်ရှင်၏ အခြေခံကျသော အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျော်လွန်သည်မှ တစ်ပါး အချက်အလက်များ ထုတ်ဖော်သိရှိနိုင်သော ကျွန်ုပ်တို့၊ တစ်ဆင့်ခံပြင်ပအဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းများမှ ကျင့်သုံးသည့် တရားဝင်အကျိုးစီးပွါးရရှိရန် ရည်ရွယ်ချက်အတွက် စီမံဆောင်ရွက်ခြင်းသည် လိုအပ်သည်။

ယေဘုယျအားဖြင့် ကျွန်ုပ်တို့သည် အချက်အလက်များအား စီမံဆောင်ရွက်ရန် သဘောတူညီချက်ပေါ်တွင် အမှီပြုပါသည်။ ထို့အပြင် ကိုယ်ရေးကိုယ်တာအချက်အလက်များအား ကျွန်ုပ်တို့ စီမံဆောင်ရွက်သော ဘုံရည်ရွယ်ချက်အချို့နှင့် ထိုသို့လုပ်ဆောင်ရန်အတွက် ဥပဒေရေးရာအခြေခံများကို အောက်ဖော်ပြပါဇယားတွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

| **ရည်ရွယ်ချက်** | **ဥပဒေရေးရာအခြေခံ** |
|---|---|
| • သင်၏အကောင့်ကို စတင်ဖွင့်လှစ်ရန်နှင့် စီမံခန့်ခွဲရန် (သက်ဆိုင်ပါက)<br>• သင့်အား ပလက်ဖောင်းသို့ ဝင်ရောက်နိုင်စေရန် သို့မဟုတ် အသုံးပြုနိုင်စေရန် | သင်နှင့် ကျွန်ုပ်တို့၏ စာချုပ်အား ဆောင်ရွက်ရန် လိုအပ်သည်။ |
| • သင်၏ အမှာစာအား ဆောင်ရွက်ရန် အပါအဝင် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား ပေးရန် | ဥပဒေရေးရာ တာဝန်ဝတ္တရားအရ လေးစားလိုက်နာ ရန် လိုအပ်သည်။ |
| • လူနာထောက်ပံ့မှုနှင့် အိမ်တိုင်ရာရောက် စောင့်ရှောက်မှု အစီအစဉ်များအား စီစဉ်ပေးရန် နှင့် စီမံခန့်ခွဲရန်အပါအဝင် လူနာများအား ထောက်ပံ့မှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ လူနာများနှင့် ဆက်သွယ်မှုနှင့် ဆေးညွှန်းဆိုင်ရာ အချက်အလက်များအား ပေးရန် | ကျွန်ုပ်တို့ထံမှ တောင်းဆိုထားသော ဝန်ဆောင်မှုများအား ထိရောက်စွာနှင့် သင့်လျော်စွာ ပေးပို့ကြောင်း သေချာစေရန် ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွါးဖြစ်သည်။ |

| | |
|---|---|
| • သင့်အား လျှော့စျေးများ၊ အပိုဆုကြေးများ၊ ပြန်အမ်းငွေများ နှင့် သင်၏အမှာစာများနှင့် ဝယ်ယူမှုများအတွက် နှစ်သက်မှုအား ပေးရန်<br>• ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု များအတွက် အထောက်အပံ့ပေးရန်<br>• သင်၏ တောင်းဆိုချက်များ၊ စုံစမ်းမှုများအား ဖြေကြားရန်နှင့် သင့်အမှာစာနှင့်ပတ်သက်၍ နောက်ဆုံး အခြေအနေအား ပေးရန် အပါအဝင် သင့်အား ဆက်သွယ်ပြောဆိုရန်<br>• အချက်အလက်များ၊ သတိပေးချက်များ နှင့် နောက်ဆုံးအခြေအနေများအား ဆက်သွယ် အကြောင်းကြားရန်<br>• ကျွန်ုပ်တို့ဆီသို့ တင်ပြထားသည့် အခြားသော တောင်းဆိုချက်များအား ဖြည့်ဆည်းပေးရန် | |
| • ထုတ်ကုန်ဆိုင်ရာ လုံခြုံရေးကိစ္စရပ် သို့မဟုတ် တိုင်ကြားချက်များအား ကိုင်တွယ်ဖြေရှင်းရန် နှင့် ထိုအကြောင်းအရာများနှင့် ဆက်စပ်၍ သင်နှင့် ဆက်သွယ်ဆောင်ရွက်ရန်<br>• ပြန်လည်ကုစားခြင်းဆိုင်ရာ ကိစ္စရပ်များအား လက်ခံဆောင်ရွက်ရန်<br>• အငြင်းပွါးမှုများ ဖြေရှင်းပေးရန် သို့မဟုတ် သင် သို့မဟုတ် သင့်အား ပြုလုပ်ထားသော တိုင်ကြား ချက်များကို စုံစမ်းစစ်ဆေးရန် | ဥပဒေရေးရာ တာဝန်ဝတ္တရားအရ လေးစား လိုက်နာ ရန် လိုအပ်သည်။<br><br>တိုင်ကြားချက်များအား စုံစမ်းစစ်ဆေးပြီး သင့်လျော်စွာ ဖြေရှင်းပြီးကြောင်း သေချာစေရန်မှာ ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွါးဖြစ်သည်။ |
| • ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ဆိုးကျိုးဖြစ်စေသော | ဥပဒေရေးရာ တာဝန်ဝတ္တရားအရ လေးစား လိုက်နာ ရန် လိုအပ်သည်။ |

| | |
|---|---|
| ကိစ္စရပ်များနှင့် ဘေးကင်း လုံခြုံမှုဆိုင်ရာ များအား အကြောင်းကြားရန်<br>• ဆေးဝါးအသုံးပြုမှု၊ ဆေးကုသမှုနှင့် ဆေးဘက် အကူဆိုင်ရာ ကြားဝင်စွက်ဖက်မှု အားလုံးတို့ဖြင့် စပ်လျဉ်း၍ လူနာစောင့်ရှောက်မှု နှင့် ဘေးကင်း လုံခြုံမှုအား တိုးတက် ကောင်းမွန်လာစေရန်<br>• ဆေးဝါးအသုံးပြုမှုနှင့် စပ်လျဉ်း၍ ပြည်သူ့ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုအား တိုးတက် ကောင်းမွန်လာစေရန်<br>• ဆေးဝါးအသုံးပြုမှုနှင့် စပ်လျဉ်းသော ပြဿနာ များအားသိရှိရန်နှင့် ရှာဖွေတွေ့ရှိမှုများအား အချိန်မှီ ဆက်သွယ်ဆောင်ရွက်ရန်<br>• ဘေးကင်း၍ ယုတ္တိတန်ပြီး ပိုမိုထိရောက်စေသော ဆေးဝါးအသုံးပြုမှုအား အားပေးတိုက်တွန်းရန်<br>• ဆေးဝါးဘေးကင်းလုံခြုံဆိုင်ရာလေ့လာမှုနှင့် ပတ်သက်၍ ဆေးဝါးကုသရေးဆိုင်ရာ သင်တန်း၊ နားလည်သဘောပေါက်မှုနှင့် အသိပညာများမြင့်မားစေရန် အများပြည်သူနှင့် ထိရောက်စွာ ဆက်သွယ်ခြင်းတို့အား ထောက်ပံ့ အားပေးရန် | ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွါးများသည် (က)ဆေးဝါး ဘေးကင်းလုံခြုံမှုဆိုင်ရာ လေ့လာမှု အား ပြုလုပ်ခြင်း<br>(ခ) ပြည်သူ့ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုအား အထောက်အကူပြုခြင်းတို့ကို သေချာစေရန် ဖြစ်ပါသည်။ |
| • ငွေတောင်းခံလွှာနှင့် ငွေပေးချေမှုများအား စီမံဆောင်ရွက်ရန်<br>• ကျွန်ုပ်တို့နှင့် ဆက်ဆံဆောင်ရွက်ရသော ရောင်းသူများနှင့် စီးပွါးရေးမိတ်ဖက်များသကဲ့သို့ | ဥပဒေရေးရာ တာဝန်ဝတ္တရားအရ လေးစား လိုက်နာ ရန် လိုအပ်သည်။ |

| | |
|---|---|
| ပြင်ပအဖွဲ့အစည်းများ၏ အချက်အလက်နှင့် လေးစားလိုက်နာမှုများအား ဆန်းစစ်ချက် ပြုလုပ်ရန်<br>• အစီရင်ခံခြင်း၊ စာရင်းစစ်ခြင်းနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲခြင်းစသည့် ရုံးတွင်းလုပ်ငန်းစဉ်များ ပြုလုပ်ရန်<br>• ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် ဖောက်သည်ဆက်ဆံရေးစီမံခန့်ခွဲမှုစနစ် များအား ထိန်းသိမ်းရန်<br>• သာမန်စီးပွါးရေးလုပ်ငန်းပြုလုပ်စဉ် ဝယ်ယူသူ သို့မဟုတ် ကုမ္ပဏီမှတ်တမ်းများနှင့် ဖွံ့ဖြိုး တိုးတက် မှုအား ထိန်းသိမ်းရန်<br>• ရုံးတွင်း မှတ်တမ်းထိန်းသိမ်းထားခြင်း ပြုလုပ်ရန်<br>• လိုအပ်သော စာရွက်စာတမ်းများ၊ သဘောတူညီ ချက်များ နှင့်/သို့မဟုတ် စာချုပ်များအားလုံး ပြင်ဆင်ရန်နှင့် ယင်းတို့နှင့်အညီ ဆောင်ရွက်ရန်<br>• နည်းပညာပလက်ဖောင်း၏ ယေဘုယျ လည်ပတ် မှုအား ထိန်းသိမ်းရန် | ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွါးများသည် (က)ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု ချောမွေ့ စေရန်<br>(ခ)လုပ်ငန်း၏တိကျသေချာသော မှတ်တမ်းများကို ထိန်းသိမ်းရန်တို့ကို သေချာစေရန် ဖြစ်ပါသည်။ |
| • ကျွန်ုပ်တို့ရရှိနိုင်သော အချက်အလက်များအား အချက်အလက် ခွဲခြမ်းစိတ်ဖြာမှုနှင့် ဈေးကွက် သုတေသနပြုလုပ်ခြင်း ကဲ့သို့ ခွဲခြမ်းစိတ်ဖြာ ခြင်းနှင့် လေ့လာသုံးသပ်ခြင်းများ ပြုလုပ်ခြင်း အားဖြင့် ကျွန်ုပ်တို့ပေးသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအား တိုးတက်ကောင်းမွန်စေရန် | ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွါးများသည် (က)ကျွန်ုပ်တို့၏ ဝယ်ယူသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ကုန်ပစ္စည်းအသစ် သို့မဟုတ် ဝန်ဆောင်မှု အား ဖန်တီးရန် နှင့်/သို့မဟုတ်<br>(ခ) ပလက်ဖောင်းအပါအဝင် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား အသုံးပြုစဉ် သုံးစွဲသူအတွေ့အကြုံအား |

| | |
|---|---|
| • ကြော်ငြာခြင်းအား တိုးတက်ရန်၊ပြသရန်၊ တိုင်းတာရန်၊ ခြေရာခံရန် (ပါဝင်သည့် အကြောင်းအရာ၊ စစ်တမ်း၊ ပလက်ဖောင်း သို့မဟုတ် ကျွန်ုပ်တို့နှင့် ကုမ္ပဏီခွဲများ၊ ကျွန်ုပ်တို့ ၏သက်ဆိုင်ရာ နှင့်/သို့မဟုတ် ဆက်စပ်ကုမ္ပဏီ များ၊ စီးပွါးရေးမိတ်ဖက်များ နှင့် တခြားတစ်ဆင့်ခံ ပြင်ပအဖွဲ့အစည်းများအပါအဝင် ယင်းတို့နှင့်သာ ကန့်သတ်ထားခြင်းမရှိသော) နှင့် ပလက်ဖောင်း ကို အသုံးပြုစဉ် သင်၏အချက်အလက်များနှင့် အသုံးပြုပုံတို့အား စုဆောင်းရန် | ပိုမိုကောင်းမွန် စေရန်တို့ကို သေချာစေရန် ဖြစ်ပါသည်။ |
| • ဘေးအန္တရာယ်နှင့် လိမ်လည်ခြင်း ထိန်းချုပ်မှုများ နှင့် ငွေပေးချေမှု စီမံဆောင်ရွက်ခြင်းတို့အား အကောင်အထည်ဖော်ရန် နှင့်/သို့မဟုတ် ပံ့ပိုးရန်<br>• ပလက်ဖောင်းပေါ်တွင် ချိုးဖောက်မှုများ၊ တရားမဝင်လုပ်ဆောင်မှုများ သို့မဟုတ် တားမြစ် ထားသော အကြောင်းအရာများအား ကာကွယ် ရန်၊ သိရှိရန် သို့မဟုတ် စုံစမ်းစစ်ဆေးရန်<br>• ဤလုံခြုံရေးဆိုင်ရာမူဝါဒ သို့မဟုတ် မည်သည့် စာချုပ်တွင်မဆို ဖော်ပြထားသော အခွင့်အရေး များအား ပြဋ္ဌာန်းရန်နှင့် ကျင့်သုံးရန်<br>• စီးပွါးဖြစ်အရောင်းအဝယ်များ၊ ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် လှုပ်ရှားမှုများ | ဥပဒေရေးရာ တာဝန်ဝတ္တရားအရ လေးစား လိုက်နာ ရန် လိုအပ်သည်။<br><br>ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွါးများသည်<br>(က) ဥပဒေရေးရာ အငြင်းပွါးမှုများ၊ ချိုးဖောက်မှုများ၊ တရားမဝင်လုပ်ဆောင်မှုများ သို့မဟုတ် တားမြစ်ထားသော အကြောင်းအရာများအား ကာကွယ်ရန်၊ သိရှိရန် သို့မဟုတ် စုံစမ်းစစ်ဆေးရန်<br>(ခ)စာချုပ်၌ပါဝင်သော အခွင့်အရေးများအား ပြဋ္ဌာန်းရန် နှင့်/သို့မဟုတ်<br>(ဂ)စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် တရား ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်တို့ကို သေချာစေရန် ဖြစ်ပါသည်။ |

| | |
|---|---|
| သို့မဟုတ် ကုန်ပစ္စည်းများ နှင့်/သို့မဟုတ် ဝန်ဆောင်မှုများအား ပံ့ပိုးပေးမှုများဖြင့် သက်ဆိုင်သော ဥပဒေရေးရာ သို့မဟုတ် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန် နှင့် ကျွန်ုပ်တို့ သို့မဟုတ် ကျွန်ုပ်တို့ ကုမ္ပဏီအုပ်စု၏ အဖွဲ့ဝင်မည်သူမဆိုနှင့် အခါအားလျော်စွာ သက်ဆိုင်သော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ၊ တရားရုံးအမိန့်များ၊ ဥပဒေအရ၊ လမ်းညွှန် ချက်များ၊ စာစောင်များ သို့မဟုတ် ကျင့်ဝတ် စည်းကမ်းများ၏ လိုအပ်ချက်များနှင့်အညီ ထုတ်ဖော်ပြသရန်<br>• စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် | |
| • လုပ်ငန်း တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ရောင်းချခြင်း၊ ပယ်ဖျက်ခြင်း၊ ဝယ်ယူခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ ပေါင်းစည်းခြင်း၊ ဖက်စပ်လုပ်ကိုင်ခြင်း၊ တာဝန်ခန့်အပ်ခြင်း၊ Zuellig Pharma ၏ စီးပွါးရေးပိုင်ဆိုင်မှုများ သို့မဟုတ် ကုန်ပစ္စည်းများ ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် အလားတူအရောင်းအဝယ် ကိစ္စရပ်များ ပါဝင်သည့် အလားအလာရှိသော၊ အဆိုပြု ထားသော သို့မဟုတ် အမှန်စင်စစ် လုပ်ငန်းပြောင်းရွှေ့မှု ကိစ္စရပ်တွင် အချက် | ဥပဒေရေးရာ တာဝန်ဝတ္တရားအရ လေးစားလိုက်နာ ရန် လိုအပ်သည်။<br><br>ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွါးများသည် မိမိတို့၏ စီးပွါးရေးလုပ်ငန်းများ တိုးတက်ရေး သို့မဟုတ် ပိုမိုကောင်းမွန်ရေးအတွက် အဖွဲ့အစည်း ပြန်လည် တည်ဆောက်ရေးကို တာဝန်ယူဆောင်ရွက်ရန် ဖြစ်ပါသည်။ |

| | |
|---|---|
| အလက်နှင့် လေးစားလိုက်နာမှုများအား ဆန်းစစ်ချက်ပြုလုပ်မှု သို့မဟုတ် ပိုင်ဆိုင်မှုပြောင်းရွှေ့မှုအား ပံ့ပိုးရန် | |
| • သင်၏ စိတ်ဝင်စားမှုနှင့် ကိုက်ညီနိုင်သော ပွဲအခမ်းအနားများ၊နှီးနှောဖလှယ်ပွဲများ၊ ညှိနှိုင်းဆွေးနွေးပွဲများ၊ ကနဦးအစီအစဉ်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ စကားဝိုင်းများဖြင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ဖိတ်ကြားလွှာများ ပေးပို့ရန်<br>• သင်ပါဝင်တက်ရောက်နိုင်သော အတတ်ပညာဆိုင်ရာပွဲများနှင့် ညီလာခံများ စီစဉ်ဆောင်ရွက်ရန်<br>• ကျွန်ုပ်တို့၏ ပလက်ဖောင်း၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၊ ကျွန်ုပ်တို့နှင့် လက်အောက်ခံကုမ္ပဏီခွဲများ၊ ကျွန်ုပ်တို့၏ သက်ဆိုင်ရာနှင့်/သို့မဟုတ် ဆက်စပ်ကုမ္ပဏီများ၊ စီးပွါးရေးမိတ်ဖက်များ နှင့် တခြားတစ်ဆင့်ခံပြင်ပအဖွဲ့အစည်းများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား ဆက်သွယ်ကြော်ငြာရန်နှင့် ထိုကဲ့သို့ ဆက်သွယ် မှုများသည် ကျွန်ုပ်တို့ထံမှ သို့မဟုတ် ပြင်ပ အဖွဲ့အစည်းများထံမှ ပေးပို့နိုင်ရန်<br>• အွန်လိုင်းအပြုအမူဆိုင်ရာ ကြော်ငြာများ ပေးပို့ရန် (သင်၏ယခင်က အပြုအမူပေါ် အခြေခံ၍ သင့်စိတ်ဝင်စားမှုနှင့် ကိုက်ညီ | ကျွန်ုပ်တို့၏ တရားဝင် အကျိုးစီးပွါးများသည် သင်စိတ်ဝင်စားနိုင်ခြေရှိသော ဈေးကွက်ချဲ့ထွင်ရေးဆိုင်ရာ အချက်အလက်များကို သင့်အား ပေးပို့ရာ၌ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်ချက်အရ သင်၏ သဘောတူညီချက်ကို ရယူရန် ဖြစ်ပါသည်။ |

| | |
|---|---|
| နိုင်သောကုန်ပစ္စည်း နှင့်/သို့မဟုတ် ဝန်ဆောင်မှုများအတွက် အွန်လိုင်းကြော်ငြာများ ပြသရန် နှင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများပေါ်တွင် ကြော်ငြာများနှင့် အကြောင်းအရာများ ပြသရန်) | |

## ၄။ အချက်အလက်များ မပေးသွင်းခြင်း သို့မဟုတ် ပေးသွင်းရန် ငြင်းဆိုခြင်း၏ အကျိုးဆက်များ

တခြားနည်းဖြင့် မဖော်ပြထားပါက ကျွန်ုပ်တို့ထံသို့ ကိုယ်ရေးကိုယ်တာအချက်အလက်များ ပေးခြင်းသည် အပြည့်အဝ မိမိ၏ ဆန္ဒသဘောအလျောက်သာ ဖြစ်ပြီး ထိုသို့အချက်အလက်များပေးရန် တာဝန်ဝတ္တရားနှင့် ခြိမ်းခြောက်ခြင်းမျိုးမရှိပါ။ သို့ရာတွင် အချို့သော အခြေအနေများ၌ ဤလုံခြုံရေးဆိုင်ရာ မူဝါဒတွင် ဖော်ပြထားသော သင်၏ကိုယ်ရေးကိုယ်တာ အချက်အလက်အား ကျွန်ုပ်တို့ထံသို့ မပေးခဲ့သော် ဖြစ်ပေါ်လာသော မည့်သည့်အကျိုးဆက်များကိုမဆို ကျွန်ုပ်တို့ဘက်မှ တာဝန်ယူမည်မဟုတ်ပါ။ ထိုအကျိုးဆက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- သင်တောင်းဆိုထားသော ကုန်ပစ္စည်းများ နှင့်/သို့မဟုတ် ဝန်ဆောင်မှုများအား တူညီသည့် စံနှုန်းဖြင့် ဖြစ်စေ သို့မဟုတ် အားလုံးဖြစ်စေ မပေးနိုင်ခြင်း
- သင့်အား သင့်လျော်သော လူနာအစီအစဉ်များ၌ စာရင်းမပေးသွင်းနိုင်ခြင်း
- လျှော့ဈေးများ သို့မဟုတ် အထူးကြော်ငြာများ သို့မဟုတ် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းအသစ်များ နှင့်/သို့မဟုတ် ဝန်ဆောင်မှုများနှင့် သက်ဆိုင်သော အချက်အလက်များအပါအဝင် သင်လိုချင်သော ကုန်ပစ္စည်းများ နှင့်/သို့မဟုတ် ဝန်ဆောင်မှုများ၏ အချက်အလက်များကို မပေးနိုင်ခြင်း
- ပလက်ဖောင်း၏ အကြောင်းအရာများအား သင်၏ နှစ်သက်မှုအလိုက် မစီမံပေးနိုင်ခြင်း နှင့် ပလက်ဖောင်းအား အသုံးပြုမှုနှင့်ပတ်သက်၍ သင့်အတွေ့အကြုံသည် စိတ်ကျေနပ်မှု သို့မဟုတ် အသုံးဝင်မှု မရှိခြင်း
- သင့်လျော်သော အရောင်းအဝယ်များကို သင်နှင့် မပြုလုပ်နိုင်ခြင်း

- ကျွန်ုပ်တို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ တရားရုံးအမိန့်၊ ဥပဒေအရ၊ လမ်းညွှန်ချက် နှင့်/သို့မဟုတ် ကျင့်ဝတ်စည်းကမ်းများအား လိုက်နာမှုမရှိခြင်း

## ၅။ ကိုယ်ရေးကိုယ်တာ အချက်အလက်များအား ထုတ်ဖော်ခြင်း

ကျွန်ုပ်တို့အတွက် အထက်ဖော်ပြပါရည်ရွယ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် အောက်ပါ အဖွဲ့အစည်းများအပါအဝင် ယင်းတို့နှင့်သာ ကန့်သတ်မထားသည့် အဖွဲ့အစည်းများထံသို့ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ထုတ်ဖော်နိုင်ပါသည်။

- ကျွန်ုပ်တို့၏ ကုမ္ပဏီအုပ်စုအတွင်းရှိ အမျိုးမျိုးသော အစုအဖွဲ့များ (အနာဂတ်တွင် တရားဝင်ပေါင်းစည်းထားသော ကုမ္ပဏီများ အပါအဝင်)၊ လိုင်စင်ရရှိသူများ၊ သို့မဟုတ် စီးပွါးရေးမိတ်ဖက်များ၊ စာရင်းသွင်းထားသော လူနာအစီအစဉ်များအတွက် ထောက်ပံ့သူများမှ တရားဝင်ခွင့်ပြုထားသော အမှုထမ်းများ အပါအဝင် (သက်ဆိုင်ပါက)
- ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများ၊ မိတ်ဖက်များ၊ ပူးတွဲလုပ်ငန်းစုများ၊ စာချုပ်ချုပ်ဆိုထားသူများ၊ တစ်ဆင့်ခံဝန်ဆောင်မှုပေးသူများ၊ တစ်ဆင့်ခံစာချုပ်ချုပ်ဆိုထားသူများ၊ သို့မဟုတ် ကျွန်ုပ်တို့မှ သင်နှင့် အရောင်းအဝယ်များဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေ စေရန်အတွက် လိုအပ်သည်ဟု ယူဆရသော အခြားအဖွဲ့အစည်းများ
- ကျွန်ုပ်တို့၏ ကုန်ပေးသွင်းသူများ၊ ကုန်ထုတ်လုပ်သူများနှင့် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများ နှင့်/သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများ၏ စီးပွားရေးမဟာမိတ်ဖက်များ၊
- ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများ နှင့်/သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများအား တရားဝင် ရောင်းဝယ်ဖောက်ကားမှုများအတွက် သက်ဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသူများ၊
- လုံခြုံရေးဆိုင်ရာကိစ္စများ သို့မဟုတ် ကုန်ပစ္စည်းဆိုင်ရာတိုင်ကြားချက်များကို ကျွန်ုပ်တို့မှ တင်ပြရန် တာဝန်ရှိသော အစုအဖွဲ့များ၊
- ကျွန်ုပ်တို့၏ ကျွမ်းကျင်အကြံပေးအတတ်ပညာရှင်များဖြစ်သည့် ရှေ့နေများ၊ စာရင်းကိုင်များ၊ စာရင်းစစ်များ နှင့် ကျွန်ုပ်တို့၏ စီးပွားရေးနှင့် စပ်လျဉ်း၍ ခန့်အပ်ထားသည့် အခြားသော

ဘဏ္ဍာရေးဆိုင်ရာ သို့မဟုတ် ကျွမ်းကျင်အကြံပေးပညာရှင်များအပါအဝင် အခြားကန့်သတ်မထားသော ပညာရှင်များ

- ဥပဒေနှင့်အညီ လုပ်ကိုင်ရန်လိုအပ်သော သို့မဟုတ် ကျွန်ုပ်တို့လက်ခံရမည်ဖြစ်သော မည်သည့်ပုဂ္ဂိုလ်မဆို၊ အစိုးရအာဏာပိုင်အဖွဲ့၊ ပြဋ္ဌာန်းဥပဒေအရ အာဏာပိုင်အဖွဲ့၊ စက်မှုလုပ်ငန်းထိန်းသိမ်းသူ သို့မဟုတ် အခြားသက်ဆိုင်ရာ ပြင်ပအဖွဲ့အစည်းများ (သို့မဟုတ်) ကျွန်ုပ်တို့၏ အခွင့်အရေး နှင့် အကျိုးစီးပွါးများအား ကာကွယ်ရန် နှင့်/သို့မဟုတ် ခုခံရန် သို့မဟုတ် လိမ်လည်ခြင်း၊ ဥပဒေထိပါးချိုးဖောက်ခြင်း၊ မူပိုင်ခွင့်ထိပါးခြင်း၊ အခွန်ရှောင်တိမ်းခြင်း သို့မဟုတ် အခြားဥပဒေနှင့်ဆန့်ကျင်သောလုပ်ဆောင်ချက်များအား စုံစမ်းစိစစ်ခြင်းနှင့် စပ်လျဉ်း၍ ထိုကဲ့သို့ ထုတ်ဖော်ချက်အားလိုအပ်သည်ဟု ယုံကြည်သောအခြေအနေများ
- လုပ်ငန်း တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ရောင်းချခြင်း၊ ပယ်ဖျက်ခြင်း၊ ဝယ်ယူခြင်း၊ ပေါင်းစည်းခြင်း၊ ခွဲထွက်ခြင်း၊ ဖက်စပ်လုပ်ကိုင်ခြင်း၊ တာဝန်ခန့်အပ်ခြင်း၊ Zuellig Pharma ၏ စီးပွါးရေးပိုင်ဆိုင်မှုများ သို့မဟုတ် ကုန်ပစ္စည်းများ ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် အလားတူအရောင်းအဝယ်ကိစ္စရပ်များပါဝင်သည့် အလားအလာရှိသော၊ အဆိုပြုထားသောသို့မဟုတ် အမှန်စင်စစ်လုပ်ငန်းပြောင်းရွှေ့မှု ကိစ္စရပ်တွင် ပါဝင်ပတ်သက်သော အလားအလာရှိသော ဝယ်ယူသူများ နှင့် အခြားသောအစုရှယ်ယာပါဝင်သူများ
- အထက်ပါရည်ရွယ်ချက်အတွက် သင်တောင်းဆိုထားသော သို့မဟုတ် လုပ်ပိုင်ခွင့်ပေးအပ်ထားသော အခြားမည်သည့်အဖွဲ့မဆို သို့မဟုတ် သင်၏အချက်အလက်ကို စုဆောင်းချိန်၌ ဖော်ပြထားသော အခြားမည်သည့် ရည်ရွယ်ချက်အတွက်မဆို သို့မဟုတ် အထက်ဖော်ပြပါရည်ရွယ်ချက်များနှင့် တိုက်ရိုက် ဆက်စပ်လျက်ရှိသော အခြားမည့်သည့်ရည်ရွယ်ချက်အတွက်မဆို ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ထုတ်ဖော်နိုင်သည်။

ပြဋ္ဌာန်းထားသော အခြေခံမှုများနှင့်အညီ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဆောင်ရွက်ရာ၌ ပြင်ပအဖွဲ့အစည်းများကို ကျွန်ုပ်တို့မှ ဥပဒေအရ တာဝန်ပေးအပ်ပါမည်။ တစ်ဆင့်ခံပြင်ပအဖွဲ့အစည်းများသည်လည်း ကျယ်ပြန့်စွာလက်ခံထားသောစက်မှုဆိုင်ရာစံချိန်စံညွှန်းများနှင့် တည်ဆဲ အချက်အလက်ကာကွယ်ရေးဥပဒေများနှင့်အညီ သင့်လျော်သော လုံခြုံရေးအဆင့်အတန်းဖြင့် ကိုယ်ရေးကိုယ်တာ အချက်အလက် များအား လုံခြုံစေရေးအတွက် ဥပဒေအရ တာဝန်ရှိပါသည်။

## ၆။ ကိုယ်ရေးကိုယ်တာအချက်အလက်များအား ကာကွယ်ခြင်း

ဤလုံခြုံရေးဆိုင်ရာမူဝါဒတွင် ဖော်ပြထားသည့် နည်းလမ်းအမျိုးမျိုးမှ တစ်ဆင့် စုဆောင်းထားသော သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ၏ ထိန်းသိမ်းထားမှုနှင့် လုံခြုံမှုအား ကာကွယ်ရန်အပြင် ခွင့်ပြုချက်မရှိသော ဝင်ရောက်မှုများ၊ ခွင့်ပြုချက်မရှိသော တရားမဝင်ပြင်ဆင်မှု၊ ထိုအချက်အလက်များအား ထုတ်ဖော်ချက် သို့မဟုတ် စီမံဆောင်ရွက်မှု နှင့် ထိုအချက်အလက်များ မတော်တဆ ဆုံးရှုံးမှု သို့မဟုတ် ဖျက်ဆီးခံရမှု သို့မဟုတ် ပျက်စီးမှုများမှ ကာကွယ်ရန် သင့်လျော်သော ထိန်းသိမ်းထားရမည့် တာဝန်ဝတ္တရားနှင့် နည်းပညာ နှင့် အဖွဲ့အစည်းလုံခြုံရေးဆိုင်ရာ အစီအမံများအားလုံးသည် နေရာတကျရှိနေစေရန် သေချာစွာ ပြုလုပ်ထားပါသည်။

အောက်တွင်ဖော်ပြထားသော လုံခြုံရေးဆိုင်ရာ အစီအမံအချို့အပါအဝင် ယင်းတို့နှင့်သာ ကန့်သတ်မထားသော အစီအမံများအား ကျွန်ုပ်တို့အနေဖြင့်ကျင့်သုံးလျက်ရှိပါသည်။

- လုံခြုံစိတ်ချရသော ဆက်သွယ်ရေးကွန်ရက်ဖြင့် ကာကွယ်ထားသော စနစ်များတွင် သင်၏ ကိုယ်ရေး အချက်အလက်အားသိမ်းဆည်းခြင်း
- တရားဝင်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် ထိုအချက်အလက်ကို သိရှိရန် လိုအပ်သော ဝန်ထမ်းများ နှင့် သင်၏ ကိုယ်ရေးအချက်အလက်အား လုံခြုံစေရန် လက်တွေ့ကျသည့် အစီအမံများကို စာချုပ်အရ ပြုလုပ်ရသော တရားဝင် တစ်ဆင့်ခံအဖွဲ့အစည်းများကိုသာ ဝင်ရောက်ခွင့်ပြုသော အခန်းကဏ္ဍပေါ်အခြေခံ၍ ဝင်ရောက်ခွင့်အား ထိန်းချုပ်မှုများ ကျင့်သုံးခြင်း
- ဖြစ်ပေါ်လာနိုင်သော အားနည်းချက်များနှင့် နည်းပညာဆိုင်ရာ တိုက်ခိုက်မှုများအတွက် ကျွန်ုပ်တို့၏ စနစ်များအား ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်း နှင့် ရုပ်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာနှင့် အဖွဲ့အစည်းလုံခြုံရေးဆိုင်ရာ အစီအမံများအား မွမ်းမံပြင်ဆင်ရန် အချက်အလက် စုဆောင်းခြင်း၊ သိုလှောင်ခြင်း နှင့် စီမံဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများအား ပုံမှန် ပြန်လည်ဆန်းစစ်ခြင်း
- တရားဝင် ဝင်ရောက်ခွင့်နှင့် ပြုပြင်မွမ်းမံခွင့်များ ရှိသော ကိုယ်ရေးအချက်အလက်များအား မဝင်ရောက်မီ နှင့် မပြုပြင်မီ ခွင့်တောင်းသူ၏ အထောက်အထားအား မှန်ကန်ကြောင်းအတည်ပြုခြင်း

အထက်တွင်ဖော်ပြထားပြီးဖြစ်သည့် ကိုယ်ရေးအချက်အလက်အား ဝင်ရောက်သိရှိခွင့်ရှိသော တစ်ဆင့်ခံ အဖွဲ့အစည်းများ အားလုံးသည် ဤပြဌာန်းချက်များအား လေးစားလိုက်နာရန် လိုအပ်သည်။

## ၇။ သင်၏ အခွင့်အရေးများ

သင်နေထိုင်သော နိုင်ငံ၌ ကျင့်သုံးသော အချက်အလက်ကာကွယ်ရေး ဥပဒေများအရ ကျွန်ုပ်တို့အား ပေးအပ်ထားသော သင့်ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း သင့်တွင် အချိန်မရွေး အခွင့်အရေးရှိပါသည်။

- ကျွန်ုပ်တို့မှတ်တမ်းများထဲရှိ သင်၏ ကိုယ်ရေးအချက်အလက်အား ဝင်ရောက်ရန် တောင်းဆိုခြင်း
- ကျွန်ုပ်တို့မှတ်တမ်းများထဲရှိ သင်၏အချက်အလက်သည် မမှန်ကန်သော၊ အထင်အမြင်မှားစေသော၊ ခေတ်မမှီသော သို့မဟုတ် မပြည့်စုံသောအခါမျိုး၌ ပေးအပ်သော အချက်အလက်အသစ်များ၏ တရားဝင်မှုနှင့်အတည်ပြုမှုအပြီး ထိုကိုယ်ရေးအချက်အလက်အား ပြင်ဆင်ရန် တောင်းဆိုခြင်း
- ဈေးကွက်ချဲ့ထွင်ရန် ရည်ရွယ်ချက်ဖြင့် သင်၏ကိုယ်ရေးကိုယ်တာအချက်အလက်များအား စီမံဆောင်ရွက်ခြင်းမှ ရပ်ဆိုင်းရန် တောင်းဆိုခြင်း
- သင်၏ကိုယ်ရေးကိုယ်တာ အချက်အလက်အား စီမံဆောင်ရွက်ရန် ကန့်ကွက်ခြင်း၊ သင်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်အား စီမံဆောင်ရွက်ရန် ကန့်သတ်တားမြစ်ရန် တောင်းဆိုခြင်း၊ သို့မဟုတ် သင်၏ကိုယ်ရေးကိုယ်တာ အချက်အလက်အား ပြောင်းရွှေ့ရန် တောင်းဆိုခြင်း
- သင်၏ကိုယ်ရေးကိုယ်တာ အချက်အလက်အား ဆက်လက်စီမံဆောင်ရွက်ရန် ကျွန်ုပ်တို့နှင့် သဘောတူညီချက်မှ နှုတ်ထွက်ခြင်း နှင့်
- သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်အား ကျွန်ုပ်တို့မှ စုဆောင်းခြင်းနှင့် အသုံးပြုခြင်းနှင့် ဆက်စပ်၍ သက်ဆိုင်ရာ အချက်အလက်ကာကွယ်ရေး အာဏာပိုင်အဖွဲ့အား စုံစမ်းမေးမြန်းခြင်း သို့မဟုတ် တိုင်ကြားခြင်း

အထက်တွင်ဖော်ပြထားသော အခွင့်အရေးများသည် သင်၏နိုင်ငံတွင် အသိအမှတ်ပြုပြီး သင့်အနေဖြင့် ထိုအခွင့်အရေးများအား ကျင့်သုံးလိုပါကအပိုင်း ၁၄ (ကျွန်ုပ်တို့အား ဆက်သွယ်ရန်) တွင် ပါဝင်သော အချက်အလက်များအား အသုံးပြု၍ ကျွန်ုပ်တို့ထံသို့ စာရေးသားနိုင်ပါသည်။ ကျွန်ုပ်တို့ မှတ်တမ်းများရှိ သင်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များအား ဝင်ရောက်ရန် သို့မဟုတ် ပြုပြင်ရန် တောင်းဆိုချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ စာရွက်စာတမ်းများပါ ကျွန်ုပ်တို့ထံသို့ ပူးတွဲတင်ပြရန် လိုအပ်ပါသည်။ တောင်းဆိုချက်၏ သဘောသဘာဝနှင့် ထိခိုက်လွယ်မှုတို့အပေါ် မူတည်၍ သင်၏အထောက်အထားအား အခါအားလျော်စွာ အတည်ပြုပေးနိုင်ရန် အပိုင်း ၁၄ (ကျွန်ုပ်တို့အား ဆက်သွယ်ရန်)တွင် ဖော်ပြထားသော လိပ်စာများဆီသို့ လူကိုယ်တိုင်လာရောက်၍ ထိုစာရွက်စာတမ်းများ ပေးရန် လိုအပ်မည်ဖြစ်သည်။ သင်မှ

ပေးအပ်သည့် စိစစ်အတည်ပြုနိုင်သော/စိစစ်ခြင်း နှင့် မွမ်းမံပြင်ဆင်ထားသော အချက်အလက်များပေါ်တွင် အခြေခံ၍ သင့်လျော်သော ပြင်ဆင်ချက်များကိုသာ ပြုလုပ်ပေးမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေရေးရာ လိုအပ်ချက်များနှင့်အညီ သင်၏တောင်းဆိုချက်သည် ဝန်ဆောင်ခကျသင့်နိုင်မည်ဖြစ်သည်။

သဘောတူညီချက်မှ နှုတ်ထွက်ခြင်းနှင့် ပတ်သက်၍ သင်သည် ကျွန်ုပ်တို့အား ပေးအပ်ထားသော သဘောတူညီချက် အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကို ရုပ်သိမ်းနိုင်မည်ဖြစ်သည်။

သင်သည် သင့်ကိုယ်ရေးကိုယ်တာအချက်အလက်အား ပယ်ဖျက်ရန် တောင်းဆိုနိုင်ပါသည်။ ကျွန်ုပ်တို့သည် သင်၏တောင်းဆိုချက်အား လေးစားစွာဖြင့် စီးပွါးရေးအရ ကျိုးကြောင်းဆီလျော်သော ကြိုးပမ်းမှုများ ပြုလုပ်ပေးမည်ဖြစ်သည်။ သို့သော် ဥပဒေရေးရာ တာဝန်ဝတ္တရားများအား လိုက်နာရာ၌ ဥပဒေကြောင်းအရ ထိုအချက်အလက်များအား အချိန်ကာလတစ်ခုအထိ မဖျက်ဆီးဘဲ ထိန်းသိမ်းရန် လိုအပ်ပါသည်။ အချက်အလက်များအား ကျွန်ုပ်တို့ ဖျက်ဆီးသောအခါ ကျွန်ုပ်တို့ အသုံးပြုလျက်ရှိသော အချက်အလက်များစုစည်းထားရှိသည့် နေရာတွင် ပျက်သွားမည်ဖြစ်ပြီး ရေရှည်အချက်အလက်များ သိမ်းဆည်းထားသော နေရာတွင် ကျန်ရှိနေနိုင်ပါသည်။ ကျွန်ုပ်တို့သည်လည်းသင်၏အချက်အလက်များအား လိမ်လည်မှုကာကွယ်ရန်နှင့် စုံစမ်းစစ်ဆေးရန် သို့မဟုတ် အလားတူ ရည်ရွယ်ချက်များအတွက် ထိန်းသိမ်းထားမည်ဖြစ်သည်။

အထက်တွင်ရည်ညွှန်းထားသော မည်သည့်အခွင့်အရေးမဆို သို့မဟုတ် သဘောတူညီချက်မှ နှုတ်ထွက်ရာ၌ တည်ဆဲဥပဒေကန့်သတ်ချက်များ၊ စာချုပ်နှင့်ဆိုင်သော အခြေအနေများနှင့် သင့်လျော်သော အချိန်အပိုင်းအခြားတို့အား လိုက်နာရမည်ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုနှင့် ဥပဒေရေးရာ တာဝန်ဝတ္တရားများအား အကျိုးသက်ရောက်မှုအပေါ်တွင်လည်း မူတည်မည်ဖြစ်သည်။

ကျွန်ုပ်တို့နှင့် သက်ဆိုင်သော အချက်အလက်ကာကွယ်ရေးဆိုင်ရာ ဥပဒေအရ ကျွန်ုပ်တို့သည် သင်၏တောင်းဆိုမှုအား လိုက်နာရန် ငြင်းဆန်ပိုင်ခွင့်ရှိပါသည်။ ထိုတောင်းဆိုမှုအား လိုက်နာရန် ကျွန်ုပ်တို့ဘက်မှ ငြင်းဆန်ခဲ့လျှင် ထိုငြင်းဆန်မှုအား အကြောင်းပြချက်နှင့်တကွ သင့်အားအသိပေးမည်ဖြစ်သည်။

## ၈။ ကိုယ်ရေးကိုယ်တာအချက်အလက်များအား ထိန်းသိမ်းခြင်း

ကျွန်ုပ်တို့ထံသို့ သင်ပေးပို့ထားသော ကိုယ်ရေးကိုယ်တာအချက်အလက်များကို တည်ဆဲဥပဒေအရ ခွင့်ပြုသည့် အတိုင်း သို့မဟုတ် စုဆောင်းရန်အတွက် လိုအပ်သည့်အလျောက်သာ ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ညွှန်ကြားချက်များအရ ကျွန်ုပ်တို့၏ နည်းစနစ်များကို အချက်အလက် ပယ်ဖျက်ခြင်း လုပ်ငန်းစဉ်များပြုလုပ်ရန် ရေးဆွဲထားသော်လည်း နည်းပညာဆိုင်ရာအကန့်အသတ်များကြောင့် သတ်မှတ် ထားသော အချိန်အတိုင်းအတာတစ်ခုအတွင်း အချက်အလက်အားလုံးအား ပယ်ဖျက်ပေးမည်ဟု ကတိမပြုနိုင်ပါ။ ကျွန်ုပ်တို့သည် သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ရှေ့ဆက်အသုံးပြုရန် မလိုအပ်သောအခါ၌ ကျွန်ုပ်တို့၏ စနစ်များနှင့်မှတ်တမ်းများမှ ဖယ်ရှားခြင်း သို့မဟုတ် အမည်မသိစေရန် ပြုလုပ်ခြင်းတို့ကြောင့် သင့်အား ဖော်ထုတ်၍ရနိုင်မည်မဟုတ်ပါ။

## ၉။ ကိုယ်ရေးကိုယ်တာအချက်အလက်များအား နိုင်ငံတကာသို့ပြောင်းရွှေ့မှုများ

ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးဆောင်ရွက်ရန်အလို့ငှာ ဤကိုယ်ရေးကိုယ်တာ လုံခြုံရေးဆိုင်ရာမူဝါဒတွင် ဖော်ပြထားသည့် ရည်မှန်းချက်များအတွက် ကျွန်ုပ်တို့ လုပ်ငန်းလုပ်ဆောင်သော သို့မဟုတ် သင့်လျော်သော သို့မဟုတ် လိုလားအပ်သော (တည်ဆဲဥပဒေများမှ ပြဌာန်းထားခြင်းမရှိလျှင်) စီရင်ပိုင်ခွင့်များအရ ကျွန်ုပ်တို့၏တွဲဖက်လုပ်ကိုင်သူများနှင့် တရားဝင်ခွင့်ပြုထားသော ဝန်ထမ်းများ၊ ကိုယ်စားလှယ် များနှင့် တစ်ဆင့်ခံအဖွဲ့အစည်းများသို့ သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကူးပြောင်းနိုင်ပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ သတင်းအချက်အလက်နည်းပညာများ သိုလှောင်ရာအထောက်အပံ့ပစ္စည်းများနှင့် ဆာဗာများ တည်ရှိရာဖြစ်သည့် ကျွန်ုပ်တို့၏ နိုင်ငံရပ်ခြားရှိ အဖွဲ့အစည်းများထံသို့ ပြောင်းရွှေ့နိုင်ပါသည်။ အခြားတရားစီရင်ပိုင်ခွင့်ရှိသည့် အချက်အလက်ကာကွယ်ရေးအဆင့်များသည် သင်နေထိုင်ရာနိုင်ငံရှိ အချက်အလက်ကာကွယ်ရေးဥပဒေ၏ လိုအပ်ချက်များကို အပြည့်အဝ မပြည့်မှီနိုင်ခြင်း ရှိနိုင်ပါသည်။ သို့ပေမဲ့ ယင်းကဲ့သို့ ပြောင်းရွှေ့မှုများအားလုံးကို တည်ဆဲဥပဒေ၏ လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁၀။ အခြားသော ဝက်ဘ်ဆိုဒ်များ သို့မဟုတ် အက်ပလီကေးရှင်းများနှင့် ချိတ်ဆက်ခြင်း

ဤပလက်ဖောင်းတွင် ကျွန်ုပ်တို့၏ စီးပွားရေးမိတ်ဖက်များ၏ ကွန်ရက်များ၊ ကြော်ငြာရှင်များ၊ လူနာအစီအစဉ်အတွက် ပံ့ပိုးထောက်ပံ့သူများ နှင့်/သို့မဟုတ် အခြားသော တစ်ဆင့်ခံအဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုဒ်များ နှင့် အက်ပလီကေးရှင်းများသို လင့်ခ်များ ပါဝင်နိုင်ပါသည်။ သင်သည် ယင်းဝက်ဘ်ဆိုဒ် သို့မဟုတ် အက်ပလီကေးရှင်းမှ လင့်ခ် တစ်ခုခုကို နှိပ်ပါက ထိုပလက်ဖောင်းမှ ထွက်သွားမည်ဖြစ်ပြီး သင်ရွေးချယ်ခဲ့သော ဝက်ဘ်ဆိုဒ် သို့မဟုတ် အက်ပလီကေရှင်းသို့ ပြန်လည်ရောက်ရှိသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ဆင့်ခံ ပြင်ပအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို မထိန်းချုပ်နိုင်သည့်အတွက် ယင်းတို့မှ သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အသုံးပြုခြင်းများအား တာဝန်မယူပေးနိုင်ချေ။ ကျွန်ုပ်တို့ကဲ့သို့ တူညီသော အချက်အလက်လုံခြုံရေးဆိုင်ရာဥပဒေအလေ့အကျင့်များ လိုက်နာဆောင်ရွက်မည်ဟု အာမမခံနိုင်ပါ။

ကျွန်ုပ်တို့သည် သင့်အား ဆိုရှယ်မီဒီယာအကောင့်ဝင်၍ အသုံးပြုရန် အခွင့်အရေးကိုလည်း ပေးအပ်သွားမည်ဖြစ်သည်။ ထိုသို့အကောင့်ဝင်ခြင်းလုပ်ဆောင်မည်ဆိုပါက သင်၏ ပရိုဖိုင်အချက်အလက်များကို ကျွန်ုပ်တို့အား မျှဝေရာ၌ သင်၏ ဆိုရှယ်မီဒီယာချိန်ညှိချက်ဆက်တင်အပေါ်မူတည်ကြောင်း ကျေးဇူးပြု၍ သတိပြုပေးစေလိုပါသည်။ ဤကဲ့သို့အခြေအနေမျိုး၌ မည်ကဲ့သို့ သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို မျှဝေအသုံးပြုသည်ကို နားလည်ရန် သက်ဆိုင်ရာ ဆိုရှယ်မီဒီယာပလက်ဖောင်းသို့ သွားရောက်၍ ၎င်း၏ အချက်အလက်လုံခြုံရေးဆိုင်ရာဥပဒေကို လေ့လာသုံးသပ်ရန် အကြံပြုလိုပါသည်။

## ၁၁။ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် အရောင်းမြှင့်တင်ခြင်း

ကျွန်ုပ်တို့သည် ဈေးကွက်ချဲ့ထွင်ရန်ရည်ရွယ်ချက်ဖြင့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ပွဲအခမ်းအနားများ၊ နှီးနှောဖလှယ်ပွဲများ၊ ညှိနှိုင်းဆွေးနွေးပွဲများ၊ ကနဦး အစီအစဉ်များ၊ အရောင်းမြှင့်တင်ရေးပွဲများနှင့် ကျွန်ုပ်တို့၏စကားဝိုင်းများ (ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ လက်အောက်ကုမ္ပဏီအခွဲများနှင့် သက်ဆိုင်ရာ နှင့်/သို့မဟုတ် ဆက်စပ်ကုမ္ပဏီများ)၊ စီးပွားရေးမိတ်ဖက်များ၊ ပံ့ပိုးထောက်ပံ့သူများနှင့်/ သို့မဟုတ် ကြော်ငြာရှင်များအတွက် သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို သုံးစွဲရန်ရှိပါသည်။ ထိုဈေးကွက်ချဲ့ထွင်ခြင်းအတွက် စာတိုက်၊ ဖုန်း၊ အီးမေးလ်၊ စာတိုဝန်ဆောင်မှု၊ ဆိုရှယ်မီဒီယာ နှင့်/သို့မဟုတ် ကျွန်ုပ်တို့နှင့်

သဘောတူညီထားချက်များအပေါ်မူတည်၍ တစ်ခြားသင့်လျော်သော ဆက်သွယ်ရေးလမ်းကြောင်းများဖြင့် အဆက်အသွယ်ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် အရောင်းမြှင့်တင်ခြင်းအတွက် သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များအား စီမံဆောင်ရွက်ခြင်းတွင် စာရင်းသွင်းခြင်းရပ်ဆိုင်းလိုပါက ကျွန်ုပ်တို့ထံမှ သင်ရရှိသော သက်ဆိုင်ရာ အီးမေးလ် သို့မဟုတ် စာရှိ "စာရင်းသွင်းရပ်ဆိုင်းခြင်း" အားနှိပ်၍ ရပ်ဆိုင်းနိုင်ပါသည်။ တစ်နည်းအားဖြင့် အောက်ပါရှိ အပိုင်း ၁၄ (ကျွန်ုပ်တို့အား ဆက်သွယ်ရန်) တွင်တွေ့ရသည့် အချက်အလက်များကို အသုံးပြုပြီး ကျွန်ုပ်တို့ထံသို့ ဆက်သွယ်နိုင်ပါသည်။ ကျွန်ုပ်တို့မှ သင်၏ရပ်ဆိုင်းရန် တောင်းဆိုမှုအား လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် သင်၏ တောင်းဆိုမှုကို ဆောင်ရွက်ရန်နှင့် ကျွန်ုပ်တို့၏ စနစ်များတွင်လုပ်ဆောင်ရန်လိုသည့်အတွက် ရုံးဖွင့်ရက် ၁၄ ရက်ထိ ကြာနိုင်ကြောင်း သတိပြုစေလိုပါသည်။ သို့ဖြစ်ပါသောကြောင့် ဈေးကွက်ချဲ့ထွင်ခြင်းအဆက်အသွယ်ပြုမှုများကို ထိုကာလအတွင်းရရှိဆဲဖြစ်ပါလိမ့်မည်။ သင်သည် ဈေးကွက်ချဲ့ထွင်ခြင်းအဆက်အသွယ်ပြုမှုများ ရရှိနေခြင်းကို ဖယ်ရှားလိုက်သော်ငြားလည်း ကုန်ပစ္စည်းမှာခြင်း သို့မဟုတ် အခြားသော အရောင်းအဝယ်ကိစ္စ အတည်ပြုချက်များနှင့် အခြားအရေးကြီးသော ဈေးကွက်ချဲ့ထွင်ခြင်းမဟုတ်သည့် သက်ဆိုင်ရာကြေညာချက်များကဲ့သို့ စီမံခန့်ခွဲရေးဆိုင်ရာ အဆက်အသွယ်ပြုမှုများကို ဆက်လက်ရရှိနေဦးမည် ဖြစ်ပါသည်။

## ၁၂။ ဘာသာစကား

ဤကိုယ်ရေးကိုယ်တာလုံခြုံရေးဆိုင်ရာ မူဝါဒ၏ အင်္ဂလိပ်ဘာသာစကားဖြင့်တင်ဆက်မှုနှင့် ဒေသသုံး ဘာသာစကားဖြင့်တင်ဆက်မှုအကြား အငြင်းပွါးဖွယ် တစ်စုံတစ်ရာဖြစ်ပွားပါက အင်္ဂလိပ်ဘာသာ စကားဖြင့်တင်ဆက်မှုအတိုင်းသာ အတည်ဖြစ်မည်။

## ၁၃။ အချက်အလက်လုံခြုံရေးဆိုင်ရာ မူဝါဒအား ပြင်ဆင်ဖြည့်စွက်ချက်များ

Zuellig Pharma သည် ဤအချက်အလက်လုံခြုံရေးဆိုင်ရာ မူဝါဒအား မည်သည့်အချိန်တွင်မဆို ပြုပြင်ရန်၊ မွမ်းမံရန် နှင့်/သို့မဟုတ် ပြင်ဆင်ဖြည့်စွက်ရန် လုပ်ပိုင်ခွင့်ရှိပါသည်။ကျွန်ုပ်တို့သည် ဤအချက်အလက် လုံခြုံရေးဆိုင်ရာမူဝါဒ၏ ပြင်ဆင်ဖြည့်စွက်မှုများအား သေချာစေရန် ကျိုးကြောင်းသင့်လျော်သော အဆင့်များ ကျင့်သုံးမည်ဖြစ်ပြီး ပလက်ဖောင်းနှင့် တခြားဆီလျော်သော နေရာများ၌ အချိန်အတိုင်းအတာတစ်ခုထိ

ပြင်ဆင်ဖြည့်စွက်ချက်များအားလုံးအား သိသာထင်ရှားစွာ ဖော်ပြထားမည်ဖြစ်သည်။ ဤအချက်အလက်လုံခြုံရေးဆိုင်ရာမူဝါဒ၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပလက်ဖောင်းတွင် ထုတ်ပြန်ကြေညာချိန်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ သက်ဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ချက်များအား သိရှိနိုင်စေရန် အထူးသဖြင့် ကျွန်ုပ်တို့အား အချက်အလက်များ မပေးအပ်မီ ဤအချက်အလက်လုံခြုံရေးဆိုင်ရာ မူဝါဒအား အခါအားလျော်စွာ ကြည့်ရှုစစ်ဆေးရန် သင့်အားဖိတ်ကြားလိုပါသည်။ ဤအချက်အလက်လုံခြုံရေးဆိုင်ရာ မူဝါဒ၏ ပြင်ဆင်ဖြည့်စွက်မှု များပြီးနောက် သင့်အနေဖြင့် ပလက်ဖောင်းအား ဆက်လက်ဝင်ရောက်မှု သို့မဟုတ် အသုံးပြုမှု နှင့်/သို့မဟုတ် သင်၏ကိုယ်ရေးအချက်အလက်အား ကျွန်ုပ်တို့အား ပေးအပ်ခြင်းတို့သည် ပြင်ဆင်ထားသော အချက်အလက်လုံခြုံရေးဆိုင်ရာ မူဝါဒတွင် ဖော်ပြထားသော လုပ်ငန်းဆောင်ရွက်မှုများအား သင်သည် သဘောတူညီကြောင်းကို ဖော်ပြသည်။ သင်သည် သဘောမတူညီခဲ့ပါက ပလက်ဖောင်းအသုံးပြုမှုအား ချက်ချင်း ရပ်ဆိုင်းကာ ကျွန်ုပ်တို့အား သင်၏ကိုယ်ရေးအချက်အလက်ပေးအပ်ခြင်းအား ရပ်စဲသင့်ပြီး အပိုင်း ၇ (သင်၏ အခွင့်အရေးများ) နှင့် အပိုင်း ၁၄ (ကျွန်ုပ်တို့အား ဆက်သွယ်ရန်)တွင် ဖော်ပြထားသော နည်းလမ်းများအတိုင်း ကျွန်ုပ်တို့ထံသို့ အကြောင်းကြားသင့်ပါသည်။

## ၁၄။ ကျွန်ုပ်တို့အား ဆက်သွယ်ရန်

အသုံးပြုသည့် ဝန်ဆောင်မှုပေါ်မူတည်ပြီး အပြောင်းအလဲရှိနိုင်သော်လည်း သင်ရည်ညွှန်းကိုးကားနိုင်ရန်အတွက် အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသော အချက်အလက်ထိန်းသိမ်းကြီးကြပ်သူများသည် ကျွန်ုပ်တို့လုပ်ငန်းများလက်ရှိဆောင်ရွက်လျက်ရှိသော နိုင်ငံများရှိ အဓိက အချက်အလက်ထိန်းသိမ်းသူများအဖြစ် တာဝန်ရှိပါသည်။ သင့်တွင် ဤအချက်အလက်လုံခြုံရေးဆိုင်ရာ မူဝါဒနှင့် သင်၏ကိုယ်ရေးကိုယ်တာအချက်အလက်အား ကျွန်ုပ်တို့ ကိုင်တွယ်ပုံနှင့်ပတ်သက်၍ တုံ့ပြန်ချက် သို့မဟုတ် မေးခွန်းများရှိလျှင် သို့မဟုတ် အထက်ဖော်ပြပါ သင်၏ အခွင့်အရေးများအားကျင့်သုံးလိုလျှင် သင်မေးမြန်းလိုသည့် မေးခွန်းပေါ်မူတည်၍ "ကျွန်နုပ်တို့အားဆက်သွယ်ရန်" စာမျက်နှာမှတစ်ဆင့် သင့်အား သက်ဆိုင်ရာ အချက်အလက်ထိန်းသိမ်းကြီးကြပ်သူ ထံသို့ ပို့ဆောင်ပေးပါလိမ့်မည်။

| **နိုင်ငံ** | **အချက်အလက်ထိန်းသိမ်းကြီးကြပ်သူ** |
|---|---|
| ဘရူနိုင်း | Zuellig Pharma (B) Sdn Bhd<br>Unit 5, Lot 29996, Simpang 607,<br>Kg Beribi, Jalan Gadong, |

| | |
|---|---|
| | Bandar Seri Begawan BE1118,<br>Brunei Darussalam |
| ကမ္ဘောဒီးယား | Zuellig Pharma Ltd<br>#266 St. Lum Group 4, Phum Ruong,<br>Chak Sankat Phnom Penh Thmey,<br>Phnom Penh, Cambodia |
| ဟောင်ကောင် | Zuellig Pharma Limited<br>Suite 608, 6/F., Devon House,<br>Taikoo Place,<br>Quarry Bay, Hong Kong |
| အိန္ဒိယ | Zuellig Pharma Specialty Solutions (India) Private Limited<br>35 Chandivali, Off Saki Vihar Road,<br>Andheri (E),<br>Mumbai, 400072 |
| အင်ဒိုနီးရှား | PT Anugerah Pharmindo Lestari<br>Cowell Tower 12th Floor,<br>Jl. Senen Raya No. 135,<br>Jakarta 10410, Indonesia |
| မကာအို | Agencia Lei Va Hong Lda.<br>Rua Doca Dos Holandeses 75,<br>Ind. Chong Fong,<br>Fase A, 14/F, A/B |
| မလေးရှား | Zuellig Pharma Sdn Bhd<br>No. 15 Persiaran Pasak Bumi,<br>Seksyen U8,<br>Perindustrian Bukit Jelutong,<br>40150 Shah Alam,<br>Selangor,<br>Malaysia |
| မြန်မာ | Zuellig Pharma Services Ltd.<br>အခန်း ၂၀၃၊ တိုက် ဂ၊ တက္ကသိုလ်ရိပ်သာကွန်ဒို၊<br>တက္ကသိုလ်ရိပ်သာလမ်းသစ်၊<br>ဗဟန်းမြို့နယ်၊ရန်ကုန်မြို့ |

| | |
|---|---|
| | မြန်မာ၊ ၁၁၂၀၁။ |
| ဖိလစ်ပိုင် | Zuellig Pharma Corporation<br>Km. 14 West Service Road South Superhighway cor Edison Ave.<br>Brgy. Sun Valley, Paranaque City,<br>Philippines<br><br>Interpharma Solutions Philippines, Inc.<br>Km. 14 West Service Road South Superhighway cor Edison Ave.<br>Brgy. Sun Valley, Paranaque City,<br>Philippines<br><br>Metro Drug Inc.<br>Sta. Rosa Estate, Brgy. Macabling,<br>Sta. Rosa, Laguna,<br>Philippines |
| စင်ကာပူ | Zuellig Pharma Pte Ltd / Zuellig Pharma Specialty Solutions Group Pte Ltd<br>15 Changi North Way<br>#01-01<br>Singapore 498770 |
| တောင်ကိုရီးယား | Zuellig Pharma Korea Ltd.<br>3F, LS Yongsan Tower, 92 Hangangdaero,<br>Yongsan-gu,<br>Seoul, Korea |
| ထိုင်ဝမ် | Zuellig Pharma Inc.<br>10F, 126 Nanking E. RD. SEC 4,<br>Taipei, Taiwan |
| ထိုင်း | Zuellig Pharma Limited<br>8-9/F Ploenchit Center, 2 Sukhumvit Rd.,<br>Kwaeng Klongtoey, Khet Klongtoey,<br>Bangkok 10110 |
| ဗီယက်နမ် | Zuellig Pharma Viet Nam Ltd<br>Lot B3, Industrial Road #4 Street,<br>SaiDong B Industrial Zone, Long Bien Dist.,<br>Ha Noi, Viet Nam |